Australian Government
Department of Social Services



# အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှု

## သြစတြေးလျတွင် အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှုကို လက်မခံပါ။

အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှုသည် ဥပဒေနှင့် ဆန့်ကျင်သော ပြစ်မှုများဖြစ်သည်။

ဤပြစ်မှုများကို ကျူးလွန်သူတစ်ယောက်သည် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ထောင်ကျနိုင်သည်။

သင် သို့မဟုတ် သင်သိသောသူ တစ်ယောက်ယောက်သည် အန္တရာယ် ကျရောက်နေပါက ရဲတပ်ဖွဲ့ကို **000** ဖြင့် ဖုန်းဆက်ပါ။
သြစတြေးလျမှ ရဲတပ်ဖွဲ့သည် စိတ်ချရပြီး ယုံကြည်အားထားနိုင်ပါသည်။

အခမဲ့၊ လျှို့ဝှက် တိုင်ပင်ဆွေးနွေးမှုနှင့် အချက်အလက်အတွက် 1800 RESPECT ကို **1800 737 732** ဖြင့် ဖုန်းဆက်ပါ။

သင် အခမဲ့ စကားပြန်တစ်ယောက်လိုအပ်ပါက **131 450** ကို ဖုန်းဆက်ပါ။

## သြစတြေးလျ အစိုးရ(Australian Government) သည် မည်သည့်အခြေအနေတွင်မဆို အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှုကို သည်းမခံပါ။

အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှုတွင် ကြောက်ရွံ့မှုကို ဖြစ်ပေါ်စေလျက် သို့မဟုတ် ၎င်းတို့၏ ဘေးအန္တရာယ်ကင်းရှင်းမှုကို ခြိမ်းခြောက်လျက် ယောကျ်ား သို့မဟုတ် မိန်းမ ကြင်ဖော်တစ်ယောက်အား ထိန်းချုပ်ရန် ရည်ရွယ်သော အပြုအမူ သို့မဟုတ် ခြိမ်းခြောက်မှုများ ပါဝင်သည်။ အိမ်တွင်းနှင့် မိသားစုတွင်း အကြမ်းဖက်မှုတွင်

- ရိုက်နှက်ခြင်း၊
- လည်ပင်းညစ်ခြင်း
- ကြင်ဖော် သို့မဟုတ် မိသားစုအား မရှိမဖြစ်လိုအပ်သော ငွေကြေးကို မပေးအပ်ခြင်း၊
- ထိုကြင်ဖော်အား မိတ်ဆွေများ သို့မဟုတ် မိသားစုနှင့် ခွဲထားခြင်း၊
- ထိုကြင်ဖော်အား စော်ကားခြင်း သို့မဟုတ် အမြဲ အပြစ်ရှာ ဝေဖန်ခြင်းနှင့်
- ကလေးများ သို့မဟုတ် အိမ်မွေးတိရစ္ဆာန်များအား ခြိမ်းခြောက်ခြင်းတို့ ပါဝင်နိုင်သည်။

## အမျိုးသမီးများတွင် အမျိုးသားကဲ့သို့ပင် တူညီသော အခွင့်အရေးရှိသည်။

သြစတြေးလျ ဥပဒေများသည် အမျိုးသမီးနှင့် အမျိုးသားများကို တန်းတူ ဆက်ဆံသည်။

အကြမ်းဖက်မှု ကင်းရှင်းစွာဖြင့် ပျော်ရွှင်သော ဆက်ဆံရေးနှင့် ရပ်ရွာအတွင်း နေထိုင်ရန် အခွင့်အရေး လူတိုင်းတွင်ရှိသည်။

အမျိုးသမီးများသည် ဆိုးရွားစွာ ပြုမူဆက်ဆံ ခံရခြင်း သို့မဟုတ် ထိခိုက်နစ်နာအောင် ပြုလုပ်ခံရခြင်းကို လက်ခံရန် မလိုအပ်ပေ။

Australian Government
Department of Social Services



## ကူညီနိုင်သော ယဉ်ကျေးမှုအရ စာနာတတ်သည့် ဝန်ဆောင်မှုများ သြစတြေးလျတွင် ရှိသည်။

**1800 RESPECT** သည် သြစတြေးလျ နိုင်ငံလုံးဆိုင်ရာ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု၊ မိသားစုတွင်းနှင့် အိမ်တွင်း အကြမ်းဖက်မှု တိုင်ပင်ဆွေးနွေးရေး ဝန်ဆောင်မှုဌာန (Australia’s National Sexual Assault, Family and Domestic Violence Counselling service) ဖြစ်သည်။ ၎င်းသည် အခမဲ့၊ လျှို့ဝှက် တယ်လီဖုန်းနှင့် အွန်လိုင်း တိုင်ပင်ဆွေးနွေးမှုနှင့် အချက်အလက်များကို ပေးအပ်သည်။ အကြံပေးများသည် သင် ပြောပြသည်ကို နားထောင်ပြီး မေးခွန်းများကို ဖြေကြားကာ သင့် ဒေသဆိုင်ရာ ဧရိယာအတွင်းရှိ အခြား ထောက်ကူပံ့ပိုးရေး ဝန်ဆောင်မှုများသို့ သင့်အား လွှဲပြောင်းပေးနိုင်သည်။

**1800 737 732** ကို ဖုန်းဆက်ပါ သို့မဟုတ် 1800 RESPECT ဝက်ဘ်ဆိုက် **www.1800RESPECT.org.au** ကို ဝင်ရောက်ကြည့်ရှုပါ။

## သင် စကားပြန်တစ်ယောက် လိုအပ်ပါသလား။

ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု(**Translating and Interpreting Service**) (TIS) ကို **131 450** ဖြင့် အခမဲ့ ဖုန်းဆက်ပါ။ သင် အခြားဝန်ဆောင်မှုများနှင့် ဆက်သွယ်ရန် TIS က သင့်အား ကူညီနိုင်ပါသည်။ TIS သည် တိုင်ပင်ဆွေးနွေးခြင်းကို မပေးအပ်ပါ။